# “ဆလင့်ကီပမာ သင်ခန်းစာ”

## Parable of the Slinky, The

ယေရှုခရစ်တော်သည် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်က ဤကမ္ဘာမြေပေါ်တွင် ခရီးလှည့်လည်စဉ် လူတို့၏ နေ့စဉ်သုံးဝတ္ထုပစ္စည်းများဖြစ်သော မီးမုန်အိမ်များ၊ ပေါင်မုန့်များ၊ သိုးများ၊ သစ်စေ့မျိုးစေ့များ၊ ရေတွင်းရေကန်များနှင့် အခြားပစ္စည်းများကို ပမာပြု၍ စိတ်ဝိညာဉ်ဆိုင်ရာ ဥပဒေများကို သင်ကြားပေးခဲ့သည်။ အကယ်၍ ယနေ့မျက်မှောက်ကမ္ဘာကြီးတွင် ဂျေးဆက်သာ ခရီးလှည့်လည်ခဲ့ပါမူ မည်သို့သော ဥပမာများကို တင်စား၍ ကျွန်ုပ်တို့အား ဝေမျှပါလေမည်နည်း။ ကျွန်ုပ်တို့က သူ့အားမြင်နိုင်စွမ်း မရှိသော်လည်း သူကား ဤကမ္ဘာမြေပေါ်တွင် ရှင်သန်လျက်ရှိ၏။ သူ့အား နှလုံးသားတံခါးဖွင့်၍ ယုံကြည်ကိုးစားသူများအတွက် ကြိုးစားဖြည့်ဆည်းပေးနေ၏။ “ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူတို့” ၏ စိတ်ထဲသို့ အသိတရားများကို ဖြည့်ဆည်းပေးလျက် ရှိနေပါ၏။ (ရှင်မဿဲခရစ်ဝင် ၅း၆)

● ● ● ● ● ● ● ● ●

ဂျေးဆက်သည် ကလေးကစားစရာ စတိုးဆိုင်တစ်ခုထဲသို့ ရောက်နေသကဲ့သို့ ကျွန်ုပ်စိတ်ကူးကြည့်နေမိသည်။ သူသည် ဆလင့်ကီခေါ်သော ကစားစရာအရုပ်ကလေးတစ်ခုကို ကိုင်ကြည့်ပြီး ကောက်ယူလိုက်သည်။ ဆလင့်ကီရုပ်သည် စပရင်ဖြင့်ပြုလုပ်ထားပြီး လှေကားထစ်ကလေးများကို တစ်ထစ်ပြီးတစ်ထစ် ဆင်းနိုင်အောင် အင်နားရှားနှင့် ကမ္ဘာမြေကြီး၏ ဆွဲငင်အားကို အသုံးပြုထားသော အရုပ်ကလေးဖြစ်သည်။ ဂျေးဆက်သည်အရုပ်ကလေးကို ရှေ့တိုးနောက်ငင်ပြုလုပ်၍ ကစားနေသည်။ သူက လက်တစ်ဘက်ကို နှိမ့်ထားလိုက်သည်။ အရုပ်ကလေးက မြှင့်ထားသောလက်ထဲမှ နှိမ့်ထားသောလက်ပေါ်သို့ လှပစွာ ခုန်ဆင်းလိုက်သည်။ ထိုနောက် နှိမ့်ထားသောလက်ကို မြှောက်လိုက်ပြန်သည်။ ဤသို့နှိမ့်ချည် မြှင့်ချည်ကစားခြင်းကို အရှိန်မြှင့်လိုက်လျှင် ဆလင်ကီ၏ ခုန်ဆင်းမှုအရှိန်ကလည်း မြင့်လာသည်။ အရှိန်လျှော့လိုက်လျှင် နှေးသွားသည်။ ဆလင်ကီအရုပ်ကလေးသည် သူ့အလိုအတိုင်း စည်းဝါးကျလှုပ်ရှားနေသည်။ ထိုအရုပ်ကလေးနှင့် ကစားရသည်ကို သူပျော်ပိုက်နေပုံရသည်။

ဂျေးဆက်က ကျွန်ုပ်ဘက်သို့လှည့်၍ “မင်းကို ငါဆက်သွယ်မှုက ဒီအရုပ်လိုပဲ။ ငါ့ကို လက်တစ်ဘက်မှာထားပြီး မင်းက အခြားတစ်ဘက်မှာ ရှိနေတယ်လို့ စိတ်ကူးကြည့်လိုက်ပါ။ ငါနဲ့နီးနေသလား။ ဒါမှမဟုတ် မင်းကိုယ်မင်း ငါနဲ့အလှမ်းကွာအောင် လုပ်နေသလား။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ငါနဲ့တော့ ဆက်သွယ်မှု ရှိနေတာပဲ” ဟု ပြောလိုက်ပါသည်။

“ဒီဆလင့်ကီအရုပ်ကလေး ငါ့လက်ထဲမှာ ရှေ့တိုးနောက်ငင် လှုပ်နေတာကို ကြည့်စမ်း။ သူ့ရဲ့အစွန်းနှစ်ဘက်ကို ဖိညှစ်ထားရင် ကွိုင်တွေက တင်းကျပ်လာပြီး လွယ်လွယ်နဲ့ မြန်မြန် လှုပ်ရှားတယ်။ ပထမအရုပ်မျက်နှာတစ်ခုကို ရွှေ့တယ်။ ဟော နောက်တစ်မျက်နှာကို ရွှေ့တယ်။ ဒါပေမဲ့ အစွန်းနှစ်ဘက်ကို ခွာထားလိုက်ရင်တော့ ကွိုင်တွေက ကျဲသွားပြီး အရုပ်ကလေး လှုပ်ရှားဖို့ခက်သလို နှေးလည်းနှေးသွားတယ်။ ဒီလိုပဲ မင်းဟာငါနဲ့ အနီးအနားမှာ ရှိနေရင် မင်းကိုညွှန်ပြဖို့ လွယ်ကူသလို ငါရဲ့လမ်းညွှန်ချက်အတိုင်း လိုက်နာဖို့လည်း မြန်ဆန်မယ်။ ဒီလိုမှမဟုတ်ဘဲ မင်းက ငါနဲ့အလှမ်းဝေးနေမယ်ဆိုရင် ငါကလည်း မင်းကိုလမ်းပြဖို့ ခက်သလို မင်းလည်းလိုက်နာဖို့ ခက်ပေလိမ့်မယ်”

“တစ်ခါတစ်ရံမှာ ဘဝရဲ့ အလေးထားရမှုတွေ အရေးအရာတွေကြောင့် ငါနဲ့အလှမ်းဝေးနေတယ်လို့ မင်းခံစားနေရပေလိမ့်မယ်။ မင်းတစ်ခုခု ဆောင်ရွက်တော့မယ်ဆိုရင် ငါ့အနားကိုသာ လှမ်းလာခဲ့ပါ။ ဆလင့်ကီရုပ်ကလေးလိုပဲ မင်းမှာ နောက်တစ်လှမ်းခြေဆန့်ဖို့ အားအင်သစ်တွေ ဝင်လာလိမ့်မယ်”

“ဝတ္ထုပစ္စည်းအားလုံးနဲ့ လူတိုင်းနီးပါးလိုပဲ။ ဒီဆလင့်ကီ ရုပ်ကလေးကလည်း ပြောင်းလဲဖို့ ခုခံငြင်းဆန်ချင်တယ်။ စပြီးရွေ့လျားဖို့အတွက် အကူအညီပေးရပေမဲ့ တစ်ကြိမ်ရွေ့ပြီးရင်တော့ ဆက် ဆက်ပြီးရွေ့တော့တာပဲ။ ဆလင့်ကီရုပ်ကလေးကို လှေကားထစ်ရဲ့ ထိပ်ဆုံးမှာ တင်ထားကြည့်စမ်း။ အဲဒီမှာပဲ မရွေ့မလျား ရှိနေမှာပေါ့။ အဲဒါက ဘယ်နေရာကိုမှ လှုပ်ရှားသွားလာချင်စိတ် မရှိတဲ့ လူတွေနဲ့ အတူတူပဲလေ။ ဒါပေမဲ့ သူတို့တွေဟာ စပြီးရွေ့ပြီ လှုပ်ရှားပြီဆိုရင်တော့ အဆက်မပြတ်ရွေ့လျားကြတော့တာပေါ့။”

ဂျီးဆက်သည် သေတ္တာများကို စားပွဲပေါ်သို့တင်၍ လှေကားထစ်သဖွယ် စီစဉ်ပြီးနောက် “ဒီမှာကြည့်။ ငါက ဆလင့်ကီရုပ်ကို ဒီလမ်းအတိုင်းလွှတ်လိုက်ရင် သူက နောက်တစ်ထစ်ကို လိမ့်ကျသွားလိမ့်မယ်။ ငါက သူ့ကိုစပြီးလှုပ်ရှားဖို့ သံပတ်နည်းနည်းတင်းပြီး အားနည်းနည်းပဲပေးလိုက်တယ်။ ဒါပေမဲ့ ကမ္ဘာကြီးရဲ့ဆွဲငင်အားနဲ့ ဆလင်ကီလေးက တစ်ထစ်ပြီးတစ်ထစ် ဆက်ပြီးလိမ့်ဆင်းသွားတယ်။ ကမ္ဘာမြေကြီးက မင်းတို့လမ်းကြောင်းမှန်မှန်လျှောက်နိုင်ဖို့ မင်းတို့ဘဝထဲကို ငါထည့်ပေးထားတဲ့ အခြားအရာတွေနဲ့ တူတယ်။ အဲဒီအင်အားတွေ တိုးပွားအောင် မင်းတို့ကြိုးစားသမျှကာလပတ်လုံး ဆလင်ကီလေးက တစ်ထစ်ပြီးတစ်ထစ် လှမ့်ဆင်းသွားသလို မင်းတို့လည်း ရှေ့ကိုတိုးပြီး လှမ်းနိုင်ပေလိမ့်မယ်။ မင်းတို့အား မင်းတို့ရဲ့ ကိုယ်ပိုင်အစွမ်းနဲ့မဟုတ်ဘဲ ငါရဲ့တန်ခိုးနဲ့ အောင်မြင်ပြီးရင်း အောင်မြင်ရင်းနဲ့ အောင်မြင်မှုတွေ ဆက်ကာဆက်ကာ ခံစားကြရပေလိမ့်မယ်”

“ဆလင့်ကီရုပ်ကလေးနဲ့ အလားတူစွာပဲ မင်းတို့ဟာလည်း လှေကားထစ်ရဲ့ ထိပ်ဆုံးအဆင့်မှာ မလှုပ်မရှက် ငုတ်တုတ်ထိုင်ပြီး စပြီးလိမ့်ပေးမယ့်သူကို စောင့်နေကြတယ်။ လမ်းမှန်ရောက်အောင် တွန်းအားပေးဖို့ ငါ့ကိုသာပြောပါ။ ငါစပြီး တွန်းအားပေးလိုက်ပါ့မယ်။ မင်းတို့ ရှင်သန်တက်ကြွလာပြီး မင်းတို့လမ်းပေါ်မင်းတို့ လျှောက်လှမ်းနိုင်တဲ့ အဖြစ်အပျက်တွေကို ငါဖန်တီးပေးပါ့မယ်”

“ငါ့ အကူအညီနဲ့ မင်းဘယ်လိုစွမ်းဆောင်နိုင်သလဲဆိုတာ တခြားသူတွေ တွေ့မြင်သွားရင် ဆလင့်ကီလေးလိုပဲ မင်းလည်း စတင်သိမြင်ခံစားလာရပါလိမ့်မယ်”

# “ဆလင့်ကီရုပ်ဖြစ်ပေါ်လာပုံ”

## The Slinky Story

၁၉၄၃ ခုနှစ်က ဖြစ်ပါသည်။ လှိုင်းလေးထန်သော ပင်လယ်ပြင်ထဲတွင် ဖြစ်လင့်ကစား သင်္ဘောထဲရှိ စင်တစ်ခုပေါ်မှ စပရင်တစ်ခုကို အမှတ်မဲ့တိုက်ချမိလိုက်ပြီးနောက်တွင် စပရင်စနစ်ကို အသုံးပြုသော ခိုင်မာတည်ငြိမ်သည့် အာရုံခံကိရိယာကလေးများကို သင်္ဘောပေါ်တွင် အသုံးပြုရေးအတွက် တီထွင်ကြည့်ရန် အင်ဂျင်နီယာ ရစ်ချက် ဂျိမ်းစ်က ကြိုးစားခဲ့လေသည်။ စင်ပေါ်မှ သူတိုက်မိလိုက်သော စပရင်ကလေးသည် ကြမ်းပြင်ပေါ်တွင် ကျသည့်နေရာ၌ ရပ်နေရမည့်အစား မိုးကုတ်စက်ဝိုင်းခြမ်းပမာ စင်ပေါ်မှ စာအုပ်များပေါ်သို့ စာအုပ်ပုံမှ စားပွဲအစွန်းသို့ စားပွဲအစွန်းမှ ကြမ်းပြင်ပေါ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ခုန်ချသွားပြီး နောက်ဆုံးတွင် သူ့ဘာသာပြန်၍ ကန်ကာ မတ်မတ်ထောင်နေခဲ့သည်။

အကြိမ်ကြိမ်အဖန်ဖန် စမ်းသပ်ပြီးသောအခါ ထိုစာပရင်ကလေး လှေကားထစ်များကို အဆင့်ဆင့် ဆင်းနိုင်သောစွမ်းရည်ကို ကစားစရာတစ်ခုအဖြစ် ဖန်တီးရန် ဂျိမ်းစ်၏ ဇနီးသည် ဘက်တီက သတိပြုမိခဲ့သည်။ ထို့ပြင် ထိုကစားစရာလေးကိုလည်း သူမကပင် ဆလင်ကီ (Slinky) ဟု အမည်ပေးခဲ့သည်။

၁၉၄၅ခုနှစ်တွင် ဂျိမ်းမိသားစုက သူတို့၏ ကစားစရာအသစ်ပြပွဲကို ဖီလာဒဲလ်ဖီးယားမြို့လယ်ကောင်ရှိ ဂျင်ဘဲလ်စ်စတိုး (Gimbles Department Store) တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့သည်။ ထိုခင်းကျင်းပြသပွဲရှိ မိနစ်၉၀အတွင်း ဆလင့်ကီအရုပ်ပေါင်း ၄၀၀ကို ရောင်းချခဲ့ရသည်။ ထိုအချိန်မှစ၍ ဆလင့်ကီအရုပ်ကလေးများမှာ ယခုအချိန်ထိ ဆက်လက်ရောင်းချဆဲပင်ဖြစ်သည်။

ထိုအရုပ်ကလေးများကို ထုတ်လုပ်ရန် ဂျိမ်းမိသားစု စက်ရုံကို တည်ထောင်ခဲ့သည်။ ဂျိမ်းစ်က ဆလင့်ကီအရုပ်တစ်ခုတွင် တပ်ဆင်ရန် ပေ ၈၀အရှည့်ရှိ စတီးဝိုင်ယာကို ၁၀စက္ကန့်အတွင်း ပတ်ခွေနိုင်သော စက်များကို တီထွင်ခဲ့သည်။ ၁၉၉၅ခုနှစ် နှစ်၅၀ပြည့် အခန်းအနားတွင် ထိုကုမ္ပဏီက ထိုစက်များကိုပင် အသုံးပြု၍ ပြုလုပ်သော ဆလင့်ကီ ၁၀သန်းကျော်ကို ကမ္ဘာအနှံ့ရောင်းချခဲ့ပြီး ဖြစ်ပါသည်။

(ကားတစ် ပီတာ ဗန်ဂေါ်ဒါ)

(By. Curtis Peter Van Gorder)